မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၈)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းကြေးပြားတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်စဉ်။

မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဒဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သီးခြားစီကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ယနေ့ *ဖတ် စ ရာ*

ဆော်ဒီအာရေဗျ၌ ၂၀၃၀ ပြည့်နှစ် အရောက်တွင် လမုပင် သန်း ၅၀ စိုက်ပျိုးသွားရန် ရည်မှန်းထား
နိုင်ငံတကာသတင်း စာ ၁၃

ပန်းလိုလျှင် အပင်ကိုပျိုးပါ၊ မီးလိုလျှင် လျှပ်စစ်ကို ကာကွယ်စောင့်ရှောက်ကြပါ
ဆောင်းပါး စာ ၁၆

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်
ပြည်တွင်းသတင်း စာ ၁၈

စိုက်ပျိုးမြေများ မလျော့နည်းရန် ထိန်းသိမ်း

မြန်မာနိုင်ငံတွင် စိုက်ပျိုး၍ ရနိုင်သော မြေဧရိယာဟက်တာ ၁၂ ဒသမ ၂၅ သန်းရှိနေပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းက စိုက်ပျိုးရေးကဏ္ဍကို မှီခိုလုပ်ကိုင်နေကြခြင်းဖြစ်သည်။ စိုက်ပျိုး၍ ရနိုင်သောမြေသည် ထပ်မံ၍ မရရှိနိုင်သော သယံဇာတ အရင်းအမြစ်တစ်ခုဖြစ်ရာ ရှိရင်းစွဲစိုက်ပျိုးနိုင်သော မြေအရင်း အမြစ်များကို ယုတ်လျော့မသွားစေရန် ထိန်းသိမ်းရမည်ဖြစ် သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃) ကို ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် "စိုက်ပျိုးမြေများ သုံးစွဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေး လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းပြဿနာကို အစိုးရအဆက်ဆက် ဖြေရှင်းခဲ့ကြသော်လည်း ယခုအချိန်ထိ ရှိနေဆဲဖြစ်ကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများ နှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လို ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် မြေယာလုပ်သား ရှားပါးလာခြင်း၊ စိုက်ပျိုးမြေကို အခြားနည်းများဖြင့် သုံးစွဲခြင်းကြောင့် လျော့နည်း လာခြင်းတို့သည် ရေရှည်တွင် နိုင်ငံ၏စားရေရိက္ခာ အကျပ် အတည်းအထိ ဆိုက်ရောက်သွားနိုင်သည်ကို မျှော်တွေးနိုင်ကြ ရမည်ဖြစ်သည်။

သီးနှံစိုက်ပျိုးရန်သာ ခွင့်ပြုထားသော လယ်ယာမြေများကို ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ အခြားနည်းအသုံးပြုပါက လယ်ယာ မြေဥပဒေအရ အရေးယူနိုင်သည်။ လယ်ယာမြေကို အခြားနည်း ဖြင့် အသွင်ပြောင်းအသုံးပြုလိုပါက လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်သို့တင်ပြပြီး ခွင့်ပြုမိန့်ရယူရန် ပြဋ္ဌာန်း ထားရာ အခြားနည်းအသုံးပြုရန် တင်ပြလာမှုများအပေါ်တွင် စိုက်ပျိုးမြေများ လျော့နည်းဆုံးရှုံးမှု မဖြစ်ပေါ်စေရေးဟူသော အမြင်ဖြင့် စေ့စပ်သေချာစွာ စိစစ်သွားရန်လိုအပ်မည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် လယ်ယာမြေများ (အထူးသဖြင့် လမ်းမ များနှင့်နီးကပ်သည့်) နေရာများတွင် စိုက်ပျိုးခြင်းမပြုဘဲ ကျောက်တိုင်များစိုက်၍ ခြံစည်းရိုးကာရံခြင်း၊ အဆောက် အအုံများဆောက်လုပ်ခြင်း၊ မြေဖို့ခြင်း၊ ဓာတ်ဆီဆိုင်၊ ဈေးဆိုင်များ၊ လုပ်ငန်းများလုပ်ကိုင်ခြင်းများကို မြင်တွေ့နေရသည်။

နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်များ ပေးအပ်ထားခြင်းဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူသည် လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ ရောင်းချ၊ ပေါင်းနှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းမှုပြုလုပ် ရာတွင် စင်စစ်လယ်ယာမြေလုပ်ပိုင်ခွင့်ကိုသာ စည်းကမ်းချက်များ နှင့်အညီ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ လယ်ယာမြေကို ခွင့်ပြု မိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းက ဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ရာရောက်ပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်များ နှင့်အညီ ဒဏ်ကြေးငွေပေးစေခြင်း၊ သတ်မှတ်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ လယ်ယာမြေပေါ်မှ နှင်ခြင်း၊ ခွင့်ပြုချက်မဲ့ဆောက်ထားသော အဆောက်အအုံများ ဖယ်ရှားခြင်း စသည့်အမိန့်များ ချမှတ်နိုင်သည့်အပြင် အဆိုပါအမိန့် / ညွှန်ကြား ချက်ကို မလိုက်နာပါက ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ်၊ ငွေဒဏ် များ ချမှတ်နိုင်သည်။

စိုက်ပျိုးမြေများကို အခြားနည်းသုံးစွဲခြင်းသည် ဥပဒေ၊ နည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ကိုင်တွယ်ရမည့်ကိစ္စဖြစ်သကဲ့သို့ မြန်မြန်ဆန်ဆန်စိစစ်ဆောင်ရွက် ရမည့်ကိစ္စလည်း ဖြစ်သည်။ လယ်ယာမြေများကို စိုက်ပျိုးထုတ်လုပ် ရန်မဟုတ်ဘဲ ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် အရောင်း အဝယ်ပြုနေခြင်း၊ ဥပဒေက ခွင့်ပြုထားသည့် နည်းလမ်းများဖြင့် အခြားနည်းသုံးစွဲခွင့်များ ရယူအသုံးပြုခြင်းတို့ များပြားလာသည် နှင့်အမျှ စိုက်ပျိုးမြေရှားပါးလာခြင်းနှင့်အတူ အနာဂတ်တွင် နိုင်ငံ ၏ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ပြည်ပဝင်ငွေရရှိမှု၊ စီးပွားဖွံ့ဖြိုး တိုးတက်မှု၊ စားရေရိက္ခာ ဖူလုံမှုတို့အပေါ် ကြီးမားလှသည့် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်မည်ကို သတိပြုကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူး ကိုယ်စားလှယ် မစ္စတာတိန့်ရှီး ကျွင်းအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုး ပေါက်ဖော် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို တိုးတက်ခိုင်မာရေး၊ မြန်မာ- တရုတ်နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း အားထုတ်မှုများတွင် တရုတ်နိုင်ငံ မှ အပြုသဘော ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ် များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ သည်။

သတင်းစဉ်

၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျူးဟိုင်း) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၈

အာဆီယံ - တရုတ် ဗဟိုဌာန (ASEAN–China Centre–ACC) ၏ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်နိုင်ငံ ကွမ်းတုန်းပြည်နယ် ရှန်းကျန်း မြို့၌ ကျင်းပမည့် ၂၀၂၃ ခုနှစ် အာဆီယံ–တရုတ် မဟာပင်လယ် အော်ဒေသ (ကျူးဟိုင်း) စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (2023 AESEN–China Greater Bay Area (Qiangai) Economic Cooperation Forum) သို့ တက် ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာ သွားသည်။

တရုတ်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ဘက်စုံမဟာ ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံ ရေးကို မြှင့်တင်ရန်နှင့် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စသည့် နယ်ပယ်များ၌ အာဆီယံ–တရုတ် ပူးပေါင်းဆောင်ရွက်ပြီး မဟာ ပင်လယ်အော်ဒေသ၏ အခန်း ကဏ္ဍကို အလေးပေး ထည့်သွင်း ဆွေးနွေးရန် ရည်ရွယ်ပြီး အာဆီယံ–တရုတ် ဗဟိုဌာနက အဆိုပါဖိုရမ်ကို ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဖိုရမ်သို့ တက် ရောက်ရန် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်း ချုပ်မှ ကိုယ်စားလှယ်များ အဖွဲ့ဝင် အဖြစ် လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd.က တင်သွင်းလာသော Jinpeng အမျိုးအစား လျှပ်စစ်သုံး သုံးဘီးမော်တော်ဆိုင်ကယ်အစီး ၅၀ နှင့် NCX Myanmar Co., Ltd. က တင်သွင်းလာသော Wuyang Honda (U–Go) အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၉၆ စီးသည် ရန်ကုန် ဆိပ်ကမ်းသို့ ရောက်ရှိသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရ သည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၈

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

ကော့ကရိတ်မြို့၌ ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

ကော့ကရိတ် ဇူလိုင် ၂၈

ကော့ကရိတ်မြို့၌ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန မိခင်နှင့် ကလေး ကျန်းမာရေးဌာနတွင် မြို့ပေါ် ရပ်ကွက်/ ကျေးရွာများ အတွင်းရှိ ကလေးငယ်များအား မွေးစမှ အသက်နှစ်နှစ်အထိ ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက် ကျွေးခြင်းကို ဇူလိုင် ၂၈ ရက် က ဆောင်ရွက်သည်။

ကလေးများအား ဂျပန် ဦးနှောက်ရောင်၊ ဘီစီဂျီ၊ ပိုလီယို၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါ(ဘီ)– ဦးနှောက်အမြှေးရောင် (ငါး မျိုးစပ် ကာကွယ်ဆေး)၊ ပိုလီယို ကာကွယ်ဆေးထိုးဆေး၊ ပြင်းထန် အဆုတ်ရောင် (ပီစီဗွီ)၊ ဝက်သက်– ဂျိုက်သိုး ကာကွယ်ဆေးများကို သတ်မှတ်ဆေးထိုး ရက်များ အလိုက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ခင်မျိုးဝင်း(ပြန်/ဆက်)**

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်းကျောက်ပြားတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်အတွင်းရှိ နှောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်းကျောက်ပြားတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်အတွင်းရှိ နှောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

◆ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဦးစွာ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မင်္ဂလာမော်ကွန်းကမ္ပည်းစာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်းကျောက်ပြားတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက်အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်အတွင်းရှိ နှောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူသည်။ ထိုသို့ မင်္ဂလာနေရာသို့တက်ရောက်နေရာယူစဉ် အခမ်းအနားမှူးက ဥဏ္ဏာလုံမွေးရှင်တော်စီသွင်းပူဇော်ခြင်း မဟာမင်္ဂလာအခါတော် စာတမ်းကို ဖတ်ကြားပူဇော်ပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

စာမျက်နှာ ၄ သို့

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်စဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက် မုစလိန္ဒနဂါးရုံဘုရား ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်း ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်သည်။

ပက်ဖျန်းပူဇော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်း ပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်း ပူဇော်သည်။

ထို့နောက် ကျောက်စာရုံ စေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။

စာမျက်နှာ ၅ သို့

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော်ချပ်များကို တည်ထားပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။

စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်မည့် မင်္ဂလာနေရာတွင် နေရာယူပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ပူဇော်ထားသည့် ကျောက်စာချပ်များကို တည်ထားပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တို့က ကျောက်စာချပ်များအား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး

ထို့နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး မာရဝိဇယ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် အဂ္ဂါဓိပတိ သာသနဒ္ဓ ဗိမာန်တော် မင်္ဂလာမော်ကွန်း ကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံ စေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ခမ်းနားသိုက်မြိုက်စွာကျင်းပ

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချမဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၈

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော မွန်ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ အောင်ချက် အကောင်းဆုံး ကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင် ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "ဘက်စုံပညာကိုရည် ဒို့လမ်းချီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မွန်ပြည်နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းများ၊ မြို့နယ်များအား ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးအပ်ရာ မြန်မာတစ်နိုင်ငံလုံး ဝိပွံဘာသာတွဲ၌ အမှတ်အများဆုံး ၁၁ ဦးတွင် ပထမဆုနှင့် ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံး ၁၀ ဦးတွင် ပဉ္စမဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ခြောက်ဘာသာဂုဏ်ထူး ၂၁ ဦး၊ ငါးဘာသာဂုဏ်ထူး ၄၁ ဦး၊ လေးဘာသာဂုဏ်ထူး ၈၂ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၇၅ ဦး၊ သိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ သုံးဦး၊ ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံး သုံးဦး၊ ဝိပွံဘာသာတွဲ၌ အမှတ်အများဆုံး လေးဦး၊ ခြောက်ဘာသာဂုဏ်ထူး ရရှိအောင် သင်ကြားပေးခဲ့သည့် ကျောင်း ခြောက်ကျောင်းမှ ဘာသာရပ်သင် ဆရာ ဆရာမများ၊ မွန်ပြည်နယ်၌ အောင်ချက် ၇၂ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် အထက်ရရှိသော အခြေခံပညာ အထက်တန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ မွန်ပြည်နယ်၌ အောင်ချက် အကောင်းဆုံး မြို့နယ်သုံးမြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မြန်မာတစ်နိုင်ငံလုံး အောင်ချက် ပဉ္စမဆုရရှိသော မွန်ပြည်နယ် ပညာရေးဌာနမှ ပြည်နယ် ညွှန်ကြားရေးမှူး၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်စေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသော မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခချုပ်တို့အား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက် အကောင်းဆုံး ကျောင်းများ၊ မြို့နယ်များ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအတွက် အလှူငွေများ လှူဒါန်းပေးကြသည့် အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

သတင်းစဉ်

မောင်တောမြို့၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဝန်ထမ်းများနှင့် တွေ့ဆုံ

မောင်တော ဇူလိုင် ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ဇူလိုင် ၂၆ ရက်က မောင်တောခရိုင်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အင်ဂျင်နီယာချုပ်က ဝန်ထမ်းများအနေဖြင့် ဌာနမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြစေလိုကြောင်းနှင့် ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ ယင်းနောက် ဌာနတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ အင်ဂျင်နီယာချုပ်က လိုအပ်သည်များ မှာကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ လင်းလွန်းပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၈

၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လင်းလွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လင်းလွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လင်းလွန်းပင်ကို စိုက်ပျိုးပေးစဉ်။

အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဥယျာဉ်စိမ်းလန်းစိုပြည်သာယာပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်ကြည်လင်အေးချမ်းစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝစေရေး၊ ရာသီဥတုသာယာမျှတစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေရေးအတွက် ရည်ရွယ်၍ ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ကျောက်သားစစ်စစ်ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူပင်ဖြစ်ပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

စသည့် သစ်မျိုး ၁၇ မျိုး၊ အပင်ပေါင်း ၂၁၈၁ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

အထိမ်းအမှတ်အပင်ဖြစ်

ယနေ့စိုက်ပျိုးရာတွင် ပါဝင်သည့် လင်းလွန်းပင်သည် တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်ကို ပထမဆုံးသော အနုမောဒနာတရား ဟောကြားပြီး ပထမဦးဆုံး ဆံတော်ပေးအပ်သည့်နေရာဖြစ်သကဲ့သို့ သရဏဂုံနှစ်ပါးစတင်ရာနေရာ၏ အထိမ်းအမှတ်အပင် ဖြစ်ပါကြောင်း၊ အလားတူ လုမ္ဗိနီအင်ကြင်းပင်သည်လည်း မြတ်ဗုဒ္ဓဖွားတော်မူရာနေရာ၏ အထိမ်းအမှတ်အပင်ဖြစ်ပါကြောင်း။

ပွင့်တော်မူပြီးသည့် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားရှင်များသည် ဥယျာဉ်၊ သစ်တောများရှိ ဗောဓိပင်ရင်းများ၌ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းသည် ဗုဒ္ဓသာသနာတော် ထွန်းလင်းပွင့်လန်းစေရေးကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာနှင့် အထောက်အပံ့ကောင်း တစ်ခုဖြစ်ပါကြောင်း။

ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ် (၆)ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါး ဖြစ်ပါကြောင်း၊ **သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်**ပါကြောင်း။

ထို့ကြောင့်လည်း မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဗောဓိညောင်ပင်၊ ကျည်းပင်၊ လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်အစရှိသည့် ဗုဒ္ဓသာသနာနှင့် ဆက်စပ်နေသည့်အပင်မျိုးများအပါအဝင် သစ်ပင်မျိုးများစွာကို စိုက်ပျိုးပြုစုထိန်းသိမ်းထားပါကြောင်း၊ **“ဘုရားကျောင်းကန် စေတီရုံလည်း သစ်ပင်ရှိမှ ပန်းရလိမ့်”**ဟုဆိုသည့်အတိုင်း မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းသာယာစေရေး ယခုကဲ့သို့ပြည်သူများနှင့်ပူးပေါင်းပြီး သစ်ပင်များ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ရေရှည်တည်တံ့စေရေးထိန်းသိမ်းကြရမည်

သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် **“အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ဖွံ့ဖြိုးမှု”** ဖြစ်သည့်အတွက် စနစ်တကျပြုစုထိန်းသိမ်းရန် အလွန်အရေးကြီးပါကြောင်း၊ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်ပြီး စိုက်ပျိုးသမျှ အောင်မြင်အောင်ပြုစုထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးပြုစုခြင်းသာမက သဘာဝသစ်တောသယံဇာတများကိုလည်း ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရေးနှင့် ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ရည်မှန်းချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း မှာကြားလိုပါကြောင်း။

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးအတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းသာယာစိုပြည်ရေး၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုသစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံအဝန်း ကျေးလက်မြို့ပြများအားလုံး စိမ်းလန်းစိုပြည်သာယာစေရေး၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရေး၊ ထာဝရကုသိုလ်ရယူနိုင်ရေး သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရမည် ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က လင်းလွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် လင်းလွန်းပင်ကို စိုက်ပျိုးပေးကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မိုခါမုန်တိုင်းကြောင့် ထိခိုက်မှုများဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံမှ အကူအညီများပေးခဲ့သည့်အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းမှလိမ်လည်မှုများ လျှော့နည်းပပျောက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကွတ်ခိုင်မြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယမန်နေ့ နံနက်ပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့မှ ပါရဂူများ ပါဝင်သော ဆေးအဖွဲ့သည် ပြည်သူ့ဆေးရုံမှကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကွတ်ခိုင်မြို့ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းရုံး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၈ ဦး၊ မိသားစုဝင် ၂၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ အာထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကွတ်ခိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ မြန်နှုန်းမြင့်ဖိုင်ဘာအင်တာနက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသအထိပါ အသုံးပြုသွားနိုင်ရန် ဆောင်ရွက်သွားရမည်

နေပြည်တော် ဇူလိုင် ၂၈

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ ငါးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ယနေ့ကမ္ဘာတစ်ဝန်းတွင်ရှိသည့် နိုင်ငံအသီးသီး၌ Digital Transformation ဟုခေါ်သည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်း လုပ်ငန်းစဉ်များကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိရှိအသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံ အဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ Digital Economy ဖွံ့ဖြိုးတိုးတက်လာပြီး The Global Value Chain ဟုခေါ်သည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မိုဘိုင်းစနစ်သုံး မြန်နှုန်းမြင့် အင်တာနက်အနေဖြင့် နိုင်ငံ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ပြီဖြစ်သော်လည်း Fixed Broad band တွင် သုံးစွဲသူ ၁ ဒသမ ဖ သန်းခန့်သာ ရှိနေသေးသည့်အတွက် မြန်နှုန်းမြင့်ဖိုင်ဘာအင်တာနက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသအထိပါ လက်လှမ်းမီ အသုံးပြုသွားနိုင်ရန် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ လိုအပ်သည့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များ ရရှိစေရန်နှင့် အင်တာနက်ကို လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များထက်ကျော်လွန်ပြီး စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အကျိုးရှိစွာ သုံးစွဲနိုင်ရန် အရေးကြီးပါကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် အင်တာနက်ကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့၏ ဝန်ဆောင်မှု၊ ထုတ်ကုန်များကို ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် ကြော်ငြာမှုပြုလုပ်၍ ဈေးကွက်ရှာဖွေခြင်းနှင့် ငွေပေးချေမှုတွင်လည်း လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးမည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေး တိုးတက်လာစေမည် ဖြစ်ပါကြောင်း၊ e-Government အား ကျော်လွန်သွားပြီးနောက် Digital Government ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Digital Economy ၏ အဓိကကျသည့် မဏ္ဍိုင်တစ်ခုဖြစ်ပြီး Digital Trade နှင့် e-Commerce ကို အောင်မြင်စွာ အကောင်အထည်ဖော် သွားနိုင်ရန် မလိုလားအပ်သည့် ဖြစ်ရပ်များကို တားဆီးနိုင်ရန်အတွက် ဥပဒေ၊ စည်းမျဉ်းများနှင့် ထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် e-Commerce Law ကို ပြဋ္ဌာန်းသွားနိုင်ရေးအတွက် e-Commerce Law ရေးဆွဲရေးကော်မတီကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ပထမမူကြမ်းကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၁၂) ချက်နှင့်အညီ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေး လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲပြီးဖြစ်သည့် Roadmap ကို ဖြည့်စွက်မွမ်းမံရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးသည် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို စတုတ္ထအကြိမ်မြောက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပထမဆုံးအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်သည်နှင့်အညီ ဆပ်ကော်မတီအလိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ကော်မတီ၏လုပ်ငန်းရပ်များ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အခြားအကြံပြုလိုသည်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက DEDC ကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၁၂) ရပ်ပါ စီးပွားရေးဦးတည်ချက် (၄)ရပ်နှင့်အညီ ဖြစ်စေရေး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်သွားရန်၊ ဆပ်ကော်မတီအဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ပြင်ဆင်ဖြည့်စွက်ရန်၊ မြန်မာဒစ်ဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ (Myanmar Digital Economy Roadmap) ကို ခေတ်ကာလနှင့်အညီ ဖြစ်စေရေး၊ Action Plan များ/ Action Matrix များကို လက်တွေ့တွင် အမှန်တကယ် ထိရောက်စွာအကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များအဖြစ် ပြန်လည်ပြင်ဆင်ရေးဆွဲရန်နှင့် ယင်းလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ရေး DEDC Task Force ဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို မှာကြားဆွေးနွေးသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီလက်အောက်ရှိ ဆပ်ကော်မတီငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက် နေသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှုများအပေါ် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး သတင်း အချက်အလက်များ ဖလှယ်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များ ချိတ်ဆက်/ ဖလှယ် အသုံးပြုရေးအတွက် Standard Format စံသတ်မှတ်ချက်(Standardization) ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ဆိုက်ဘာလုံခြုံရေး သတိမြှင့်တင်ပညာပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား / သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား/သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သား/သမီးများအနက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိတက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၃ ဦးကို ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

သတင်းစဉ်

မြောက်ဦးမြို့၌ မုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

မြောက်ဦး ဇူလိုင် ၂၈

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချသည့် ပေါင်မုန့်၊ ကိတ်မုန့်အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာသင်တန်း (၄/၂၀၂၃) သင်တန်းဆင်းပွဲကို ယမန်နေ့က ထမ္မရာဇ်ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးဟောင်း) ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြောက်ဦးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပန်းကြာမုံက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ ပေါင်မုန့်၊ ကိတ်မုန့်နှင့် ကွတ်ကီး အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာများကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖြိုးမောင်မောင် (ပြန်ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေး စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၈

မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ဖိုရမ်ပထမနေ့တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပညာရှင်များက ပြန်လည်ဆွေးနွေးကြပြီး ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ပြောင်းလဲရန် နည်းပညာလိုအပ်မှု၊ မဲခေါင်-လန်ချန်း ဒေသတွင်းရှိ နိုင်ငံများတွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲရန် အဆင်သင့်ရှိရမည့် အချက်များ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ပညာရှင်များက MSME များ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးရာတွင် သင်ခန်းစာယူရမည့် အချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အုပ်စုများဖွဲ့စည်း၍ ဒစ်ဂျစ်တယ်ဆန်းသစ်ခြင်းနှင့် ပြောင်းလဲခြင်းများအတွက် မဲခေါင်-လန်ချန်း ဒေသတွင်းရှိ MSME များ၏ ကောင်းမွန်သည့် အလေ့အကျင့်များ၊ MSME များ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် မြှင့်တင်နိုင်ရန် အလိုအပ်ဆုံးသော ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲရန် တွေ့ကြုံရမည့် စိန်ခေါ်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲမှုအစီအမံများ ရေးဆွဲခြင်းနှင့် ဖိုရမ်မှထွက်ရှိလာသည့် ရလဒ်များကို ပြန်လည်ဆွေးနွေးသုံးသပ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ဖိုရမ်ပိတ်ပွဲ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားပြီး (ဝဲပုံ) အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယမန်နေ့ နံနက်ပိုင်းကလည်း မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ပထမနေ့ကိုကျင်းပခဲ့ပြီး ပြည်တွင်း ပညာရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များက E-Business ပုံစံများနှင့် သဘောတရားများ၊ MSME များ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲမှု အလေ့အကျင့်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် မဟာဗျူဟာနှင့် စီမံခန့်ခွဲမှုတို့ကို ဆွေးနွေးကြပြီး အစုအဖွဲ့များဖွဲ့စည်း၍ MSME များ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲရေး အစီအမံရေးဆွဲခြင်းများ ဆောင်ရွက်ကြပြီး MSME များ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲရေး အစီအမံ ရေးဆွဲခြင်းများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေး စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အသိပညာများ မျှဝေပေးခဲ့သည့် ပညာရှင်များ၊ တက်ရောက် လာကြသူများနှင့် အတူ ညစာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်(၁) ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေပြည်သာ စက်မှုဇုန် (၁/၂/၃/၄)မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေများကို တိုင်းတာအကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုအလုပ်ရှင်နှင့် အလုပ်သမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်လျက် ရှိကြောင်း၊ လုပ်ငန်းခွင်ထိခိုက်မှုများ ဖြစ်ပွားပါက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ(၅၃)အရ အလုပ်ရုံ မန်နေဂျာအနေဖြင့် ဦးစီးဌာနသို့ အကြောင်းကြား ဆောင်ရွက်ရမည်ဖြစ်ပြီး စစ်ဆေးရေးအရာရှိများအနေဖြင့် သွားရောက်စစ်ဆေးပြီး နောင်အလားတူ လုပ်ငန်းခွင်ထိခိုက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ညွှန်ကြားချက်နှင့် အကြံပြုချက်များကို ထုတ်ပြန်ပေးလျက်ရှိသဖြင့် အဆိုပါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်ထိခိုက်မှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာစက်မှုဇုန်နှင့် အင်းစိန်စက်မှုဇုန်ရှိ စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အေးချမ်းသာယာမှုရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းများ ဖြစ်ပေါ်လာစေရေး အလုပ်ရှင်နှင့် အလုပ်သမားညှိနှိုင်းဆောင်ရွက်ကြရန်၊ ဥပဒေပါပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။(အပေါ်ပုံ) **သတင်းစဉ်**

ပုသိမ်ကြီးမြို့နယ်၌ စပါးမျိုးစေ့ချ သရုပ်ပြပွဲကျင်းပ

မန္တလေး ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာအုပ်စု နန္ဒာတောင်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၈၀) စက်မှုလယ်ယာစခန်းက ကွင်းအမှတ် ၄၅၀ တောင်သူ ဦးသန်းမောင်၏ လယ်မြေနှစ်ကေတွင် ဇူလိုင် ၂၇ ရက်က Transplanter Mounted Seeder (10-Rows)ဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပသည်။

အမှတ် (၈၀) စက်မှုလယ်ယာစခန်းမှ Transplanter Mounted Seeder (10-Rows) အား အသုံးပြုခြင်းကြောင့် တောင်သူများအနေဖြင့် လုပ်သားရှားပါးသည့်အတွက် အသုံးပြုရန် အဆင်ပြေခြင်း၊ စိုက်နည်းစနစ်မှန်ကန်ပြီး မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ လုပ်ငန်းပြီးစီးမှုမြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာမှုကြောင့် တောင်သူများလည်း စိတ်ဝင်စားပြီး ကြိုက်နှစ်သက်ကြကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးကျော်ထင်က ပြောသည်။

အခမ်းအနားတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှိုင်မြင့်နှင့် ဝန်ထမ်းများ၊ နန္ဒာတောင်ကျေးရွာနှင့် အနီးဝန်းကျင်မှ တောင်သူများ လေ့လာကြည့်ရှုကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)

လပွတ္တာမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လပွတ္တာ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လပွတ္တာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းသာယာလှပစေရန်အတွက် သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လပွတ္တာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရ ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်းအင်အား ၅၀၀ ခန့်သည် လပွတ္တာမြို့ပေါ်ရပ်ကွက်အခု ၁၀ ရှိဘုန်းတော်ကြီးကျောင်း ၄၆ ကျောင်း၌ သန့်ရှင်းသာယာလှပစေရန်အတွက် ကျောင်းများပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကျေးရွာအုပ်စု ၆၅ အုပ်စုရှိ ဘုန်းကြီးကျောင်း ၄၅၁ ကျောင်းများတို့တွင်လည်း သတ်မှတ်ရက်အလိုက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အရန်ဆန်များရောင်းချရန်စီစဉ်နေ

ရန်ကုန် ဇူလိုင် ၂၈

ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ပို့ကုန်ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုဖြင့် စုပေါင်းထားသောအရန်ဆန်များ၊ အခြားသောအစီအစဉ်ဖြင့် စီစဉ်ထားသောအရန်ဆန်များကို မကြာမီဈေးကွက်အတွင်းသို့ အမြန်ဆုံးထည့်သွင်းရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကနဦးအနေဖြင့် (၂၅ ရာခိုင်နှုန်းအဆင့် Singel Polished&Sorted) ၅၀ ကီလိုအိတ်၊ အိတ်ရေ ၅၀၀၀၀ကို ဦးစွာ ထုတ်ရောင်းသွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံတိုးမြှင့်ရောင်းချရေး စီမံသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အသင်းချုပ်အနေဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးအတွက်လည်းကောင်း၊ စားသုံးသူပြည်သူများအတွက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြစ်စေရေးအတွက်လည်းကောင်း လိုအပ်သည်များကို ပုဂ္ဂလိကအခန်းကဏ္ဍမှနေ၍စီစဉ်သွားမည်ဖြစ်သည်။ ထို့ပြင် သိုလှောင်ရုံမှတ်ပုံတင်မှု၊ သိုလှောင်ရုံစစ်ဆေးမှုများကို ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆန်ဖူလုံမှုအပြည့်အဝရှိပြီး ပိုလျှံမှုကို ပြည်ပသို့ စနစ်တကျတွက်ချက်တင်ပို့ရောင်းချနေကြောင်း၊ လတ်တလော ပြည်တွင်းဆန်စပါးဖူလုံလောက်မှု အပြည့်အဝရှိနေကြောင်း၊ ထို့ကြောင့် သတင်းမှားများ၊ ကောလာဟလများကြောင့် စားသုံးသူများစိုးရိမ်မှုဖြင့် ဆန်များဝယ်ယူစုဆောင်ခြင်း၊ စိုးရိမ်ပူပန်ခြင်းများ မဖြစ်ကြစေလိုကြောင်း၊ လိုအပ်မှုရှိမှသာဝယ်ယူရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

အာကာလင်း

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဘားအံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ စကားရည်လုပြိုင်ပွဲကျင်းပ

ဘားအံ ဇူလိုင် ၂၈

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဘားအံတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စကားရည်လုပြိုင်ပွဲကို နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ပဋ္ဌာမြားနယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဘာသာရပ်ပေါင်းစုံ စကားရည်လုပြိုင်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့တက္ကသိုလ်၊ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံတော်ကြီး ထာဝရ အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲစေရေးအတွက် မြင့်မားသည့် အသိဉာဏ်ပညာ စွမ်းပကား၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့် စိတ်၊ ကိုယ်ကျင့်သိက္ခာ တရားကို တန်ဖိုးထားသည့်စိတ်၊ တီထွင်ဖန်တီး ထိုးထွင်းဆောင်ရွက်လိုသည့် စိတ်များဖြင့် ကြိုးစား ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက စကားရည်လုပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထိပ်တင်ဟန် (သင်တန်းရေးရာ) က စကားရည်လုပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာစာ ဘာသာရပ် ကိုယ်စားပြု ကျောင်းသား ကျောင်းသူ သုံးဦးနှင့် သတ္တဗေဒဘာသာရပ် ကိုယ်စားပြု ကျောင်းသား ကျောင်းသူ သုံးဦးတို့က လောကတွင် ငွေသည်အရေးကြီးဆုံး ခေါင်းစဉ်ဖြင့် အဆိုနှင့် အချေကို လည်းကောင်း၊ အင်္ဂလိပ်စာ ဘာသာရပ် ကိုယ်စားပြု ကျောင်းသား ကျောင်းသူ သုံးဦးနှင့် ဥပဒေပညာဘာသာရပ် ကိုယ်စားပြု ကျောင်းသား ကျောင်းသူ သုံးဦးတို့က Internet သုံးတာကောင်းတယ် ခေါင်းစဉ်ဖြင့် အဆိုနှင့်အချေကို လည်းကောင်း စကားရည်လု ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စကားရည်လု ယှဉ်ပြိုင်ကြသည့် အဖွဲ့နှစ်ဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က နှစ်သိမ့်ဆုရရှိသော သတ္တဗေဒဘာသာရပ်ကိုယ်စားပြု အဆိုရှင်များကို လည်းကောင်း၊ တတိယဆုရ အင်္ဂလိပ်စာဘာသာရပ်ကိုယ်စားပြု အဆုရှင်များကို လည်းကောင်း၊ ဒုတိယဆုရရှိသော ဥပဒေပညာ ဘာသာရပ် ကိုယ်စားပြုအချေရှင်များကို လည်းကောင်း၊ ပထမဆုရရှိသော မြန်မာစာ ဘာသာရပ်ကိုယ်စားပြု အချေရှင်များကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း
(မြန်/ဆက်)

ဒဂုံတက္ကသိုလ်၌ အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြများအတွက် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်၌ သချ်ာဌာနက စီစဉ်ကျင်းပသည့် အသစ်ခန့်အပ်သော နည်းပြ၊ သရုပ်ပြများအတွက် အသိပညာပေး ဟောပြောပွဲကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာ သာထွန်းမောင်က ဒဂုံတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမများ အလုပ်နှင့် ပတ်သက်သော ဗဟုသုတနှင့် အတွေ့အကြုံကောင်းများ ရရှိစေရန်ရည်ရွယ်၍ ယခုလို Academic Talk များကို စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ ယင်းနောက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေ (ပါမောက္ခချုပ် (ငြိမ်း) မြိတ်တက္ကသိုလ်) က “Knowledge Sharing for Newly Appointed Tutors and Demonstrators”ခေါင်းစဉ်ဖြင့် ပညာရေးနှင့် သက်ဆိုင်သည့် SDGs များ၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် KG+12(Grade-12) သင်ရိုးများပြောင်းလဲခဲ့မှု၊ တက္ကသိုလ်များက နောင်တွင်လိုက်လျောညီထွေဖြစ်မည့် ပညာရေးဆိုင်ရာ သင်ရိုးများ ပြောင်းလဲနိုင်ရေးနှင့် ဆရာ ဆရာမများ သိရှိလိုက်နာရမည့် ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဝင်းအိမွန်
(မြန်/ဆက်)

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် ရုရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် တရားသူကြီးချုပ်နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွှတ်တော် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်အောင်မြင်မှု အထိမ်းအမှတ် “အဥ္စလီအငြိမ့်” ဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ရှိစေရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထားပူဇော်အောင်မြင်မှုအထိမ်းအမှတ်အဖြစ် “အဥ္စလီအငြိမ့်” ဖျော်ဖြေပွဲကို ဇူလိုင် ၃၁ ရက် (တနင်္လာနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဦးစောမင်းနောင်က စီစဉ်ပြီး အနုပညာအကြံပေး ပေါ်ဦး၊ ခေါင်းဆောင်မင်းသမီး ဝင်းသပြေထွန်း၊ ရှေ့ထွက်မင်းသမီး ဖူးကေရီဆောင်း၊ လူရွှင်တော်များဖြစ်ကြသည့် စောမင်းနောင်၊ ကျော်မင်းစိုး၊ ဇင်ဝိုင်း၊ မျိုးကျော်သူ၊ စိုင်းစည်သူနှင့် ရှင်းခန့်သာတို့၏ တင်ဆက်မှုနှင့်အတူ မြန်မာ့အသံဆိုင်းဝိုင်းကြီး၊ KB ဘိုငွေးတို့က တီးခတ်ဖျော်ဖြေကြမည်ဖြစ်သည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ပင်လယ်ကမ်းခြေ ပို့ဂွင့်အရှေ့ကားလမ်းမ လမ်းဘေး ဝဲ/ယာ တစ်လျှောက်၌ ပေါက်ရောက်နေသည့် ချုံနွယ်၊ ပေါင်းပင်၊ မြက်ပင်များနှင့် အမှိုက်များ၊ သစ်ပင်၊ သစ်ကိုင်းများကို ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။(ဝဲပုံ)

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးအတွက် အာဆီယံနှင့် အင်ဒိုနီးရှားနိုင်ငံများက ကူညီထောက်ပံ့ပေးသည့် ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၂၈

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပုသိမ်တက္ကသိုလ်၌ လူငယ်စကားဝိုင်းကျင်းပ

ပုသိမ် ဇူလိုင် ၂၈

လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးစေရန်၊ လူအများနှင့် ဆွေးနွေးပြောဆိုမှု ပြုတတ်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုသိမ်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းရှိန် ဦးဆောင်၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူခြောက်ဦးတို့က လူငယ်နှင့် မီဒီယာ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် မူးယစ်ဆေးဝါး စသည့်အကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

ပွဲစဉ် ၁၃ တွင် နာမည်ကြီး ရန်ကုန်အသင်းကို အနိုင်ကစားထားသည့် မြဝတီအသင်းသည် ယခုပွဲတွင် အမှတ်ရအောင် ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီးတွင် ဂိုးများဆက်တိုက်ပေးလိုက်ရပြီး ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ အမှားအယွင်းမရှိ အမှတ်ပြည့်ရယူကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းသီဟဇော်၊ မြတ်ကောင်းခန့်၊ မျိုးကိုထွန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး မြဝတီအသင်းမှာလည်း ဝေယံဦး၊ ထွန်းနန္ဒဦး (ဂိုး)၊ သက်ပိုင်ကို၊ သက်ဝေမိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း မြဝတီအသင်းခံစစ်အမှားအယွင်းမရှိသဖြင့် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ၅၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဇွဲခန့်မင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီးမှသာ ဂိုးများထပ်မံမြင်တွေ့ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် မိနစ် ၈၀ ကျော်အထိ တစ်ဂိုးသာသွင်းယူနိုင်သော်လည်း ပွဲပြီးခါနီး ငါးမိနစ်အတွင်း သုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၈၇ မိနစ်တွင် မတ်ခ်ဆာကီ၊ ၈၉ မိနစ်တွင် စျာနေရသူ၊ ၉၀+၂ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ မြတ်ကောင်းခန့်က ရရှိသည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၄ ပွဲကစား ၃၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး မြဝတီအသင်းက ၁၄ ပွဲကစား ၁၆ မှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယအကျော့တွင် နိုင်ပွဲဆက်နေသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲတွင် အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျခဲ့သည်။ ဧရာဝတီအသင်းအတွက် ဂိုးများကို ၃ မိနစ်တွင် ရန်ပိုင်စိုး၊ ၈၆ မိနစ်တွင် ပီတာအောင်ဝေထူးတို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂၆ မိနစ်တွင် ကောင်းမြတ်သူနှင့် ၄၅+၁ မိနစ်တွင် သက်နိုင်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက် တိုက်စစ်မှူး ကောင်းမြတ်သူက ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၄ ပွဲကစား ၂၁ မှတ်၊ ဧရာဝတီအသင်းက ၁၄ ပွဲကစား ၁၅ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၄) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၉ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ ဒဂုံစတားအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင် ၊ ဓာတ်ပုံ–MNL

ထူးခြားသည့် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဒေါ့ဆူရီ" သည် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်မှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ဆော်ဒီအာရေဗျ၌ ၂၀၃၀ ပြည့်နှစ် အရောက်တွင် လမုပင် သန်း ၅၀ စိုက်ပျိုးသွားရန် ရည်မှန်းထား

ရီယာ့ဒ် ဇူလိုင် ၂၈

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၃၀ ပြည့်နှစ် အရောက်တွင် ၎င်း၏ ပင်လယ်နီကမ်းရိုးတန်း တစ်လျှောက် လမုပင် သန်း ၅၀ စိုက်ပျိုးသွားရန် ရည်မှန်းထားသည်ဟု ဆော်ဒီသတင်းအေဂျင်စီက ဇူလိုင် ၂၇ ရက်တွင် ဖော်ပြထားသည်။

ဆော်ဒီပြည်သူ့ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အပြည့်အဝပိုင်ဆိုင်သည့် Red Sea Global (RSG) မှ ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပြီး ရာသီဥတု ပြောင်းလဲမှုအတွက် ယခုလိုပြုလုပ်ခြင်း ဖြစ်သည်။ ပင်လယ်နီ ကမ်းရိုးတန်းကို ထိန်းသိမ်းရန်နှင့် ဇီဝမျိုးကွဲများကို မြှင့်တင်ရန်အတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းလည်း ဖြစ်သည်။ ပျိုးပင်များကို ၈၀ စင်တီမီတာ အထိရောက်အောင် ကြီးထွားလာစေရန် ပျိုးထောင်ပေးသွားမည်ဖြစ်သည်။ ထို့နောက် အဆိုပါပျိုးပင်များကို သတ်မှတ်ထားသော ဒီရေတော ဥယျာဉ်များတွင် စိုက်ပျိုးသွားမည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျသည် ခရီးသွားများကို ဆွဲဆောင်ရန်အတွက် ၎င်းတို့၏ ခရီးသွားလုပ်ငန်း အဓိကနေရာ နှစ်ခုဖြစ်သည့် ပင်လယ်နီနှင့် အာမာလာတို့ကို ပြင်ဆင်လျက်ရှိပြီး ပင်လယ်နီသို့ လာရောက်မည့် ခရီးသွားများကို ယခုနှစ်အတွင်း လက်ခံနိုင်မည်ဖြစ်သည်။ အာမာလာသို့ ၂၀၂၄ ခုနှစ်မှ ခရီးသွားများ လာရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

ဆင်ဟွာ

ဆီးရီးယားနိုင်ငံတွင် ပေါက်ကွဲမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ အခြား ၄၆ ဦး ဒဏ်ရာရ

ဒမတ်စကတ် ဇူလိုင် ၂၈

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်တောင်ဘက် ဆင်ခြေဖုံးတစ်ခုတွင် ဇူလိုင် ၂၇ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခြင်းကြောင့် ခြောက်ဦး သေဆုံးပြီး အခြား ၄၆ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြထားသည်။

အယ်ဆာရီဒါ ဇိန်နက်ဆင်ခြေဖုံးရှိ အယ်ဆူဒန်လမ်းပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အငှားကားတစ်စီးအနီး မော်တော်ဆိုင်ကယ်တစ်စီးအတွင်း ပေါက်ကွဲစေသည့် ပစ္စည်းတစ်ခုကို ထည့်ထားပြီး အဝေးမှဖောက်ခွဲခဲ့ကြောင်း အစိုးရပိုင် ဆီးရီးယားရုပ်သံက ဖော်ပြထားသည်။

လူ ၂၀ ခန့်မှာ အနည်းငယ်ဒဏ်ရာရရှိသောကြောင့် အခင်းဖြစ်ပွားရာနေရာတွင်ပင် ဆေးကုပေးခဲ့ပြီး အခြားဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဆီးရီးယားကျန်းမာရေးဝန်ကြီး ဟတ်ဆန်အယ်ဂက်ဘတ်ရှ်က ပြောသည်။ ယင်းပေါက်ကွဲမှုမှာ ၄၈ နာရီအတွင်း အဆိုပါနေရာ၌ပင် ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်သည်။

ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ၌ ခရီးသည်တင်လှေတစ်စင်း တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၂၆ ဦးအထိ တိုးလာ

မနီလာ ဇူလိုင် ၂၈

ဖိလစ်ပိုင်နိုင်ငံ ရီဇယ်ပြည်နယ် လာဂူနိတ်ဘေး ရေကန်တွင် ဇူလိုင် ၂၇ ရက်က ခရီးသည်တင်လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် သေဆုံးသူ စုစုပေါင်း ၂၆ ဦး အထိရှိလာပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့(ပီစီဂျီ) က ဇူလိုင် ၂၈ ရက်တွင် ပြောကြားသည်။

အများဆုံးလူ ၄၂ ဦး ဆံ့သည့် အဆိုပါလှေမှာ လူပေါင်း ၇၀ တင်ဆောင်လာကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ ခရီးသည်များမှာ အသက်ကယ်အင်္ကျီများ ဝတ်ဆင်ထားခြင်းမရှိကြောင်း သိရသည်။ ဇူလိုင် ၂၈ ရက်နံနက်ပိုင်းအထိ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း ပီစီဂျီက ပြောကြားသည်။

အဆိုပါလှေမှာ ဘီနန်ဂိုနန်မြို့မှ ဖိလစ်ပိုင်နိုင်ငံအတွင်း အကြီးဆုံး ရေကန်ဖြစ်သည့် လာဂူနိတ်ဘေး ရေကန်ရှိ တာလင်ကျွန်းသို့သွားစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီ ဝင်ရောက်တိုက်ခတ်ပြီး ရေကြီးမှုနှင့် မြေပြိုများ ဖြစ်ပွားချိန်တွင် အဆိုပါ လှေတိမ်းမှောက်ခြင်းဖြစ်သည်။

လေပြင်းများသည် လှေကို ရိုက်ခတ်ခဲ့သဖြင့် ခရီးသည်များ အထိတ်တလန့် ဖြစ်စေခဲ့ကြောင်း ပီစီဂျီက ပြောကြားသည်။ လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုတို့ ဖြစ်ပေါ်ချိန်တွင် လှေတစ်ဖက်သို့ ခရီးသည်များ အပြေးအလွှားသွားခဲ့ရာ အခြားတစ်ဖက်သို့ တိမ်းစောင်းမှုဖြစ်ပေါ်ခဲ့ပြီး ဟန်ချက်ပျက်ကာ တိမ်းမှောက်ခဲ့သောကြောင့် ခရီးသည်အများအပြားမှာ လှေအောက်တွင် ပိတ်မိခဲ့ကြောင်း အသက်ရှင်ကျန်သူများက ပြောသည်။

ဆင်ဟွာ

ဖိလစ်ပိုင်၌ တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် သေဆုံးသူ ၁၃ ဦး ရှိလာ

မနီလာ ဇူလိုင် ၂၈

တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ဖိလစ်ပိုင်တွင် အဆိုပါမုန်တိုင်းကြောင့် သေဆုံးသူ ၁၃ ဦး အထိရှိလာပြီး ၂၀ ပျောက်ဆုံးလျက်ရှိသည်ဟု ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးအေဂျင်စီက ဇူလိုင် ၂၈ ရက်တွင် ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူပေါင်း ငါးသိန်းကျော် မုန်တိုင်းဒဏ် ခံစားနေရပြီး လူပေါင်း ၂၉၀၀၀ ကျော် နေရပ်စွန့်ပြောင်းခဲ့ရသည်။

ယာယီခိုလှုံရေးစခန်းများတွင် ၄၇၉ ဦးမှာ နေထိုင်နေရသည်။ အဆိုပါမုန်တိုင်းမှာ ဖိလစ်ပိုင်နိုင်ငံမှ ဇူလိုင် ၂၇ ရက်ကတည်းက ထွက်သွားပြီဖြစ်သော်လည်း လူဇွန်ကျွန်းရှိ နေရာအတော်များများတွင် ရေကြီးနေဆဲဖြစ်သည်။

ဆင်ဟွာ

ဂျပန်နိုင်ငံတစ်ဝန်း အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သည်အထိ အပူချိန်မြင့်တက်

ဇွန်လတွင် အပူလျှပ်လူနာပေါင်း ၁၅၉၆၉ ဦးဖြင့် အများဆုံး မှတ်တမ်းတင်

တိုကျို ဇူလိုင် ၂၈

ဂျပန်နိုင်ငံတစ်ဝန်း အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သည့် အပူချိန်မြင့်တက်မှုများ ဖြစ်ပွားမည်ဟု ခန့်မှန်းခဲ့သည်။ ထို့ကြောင့် အပူချိန်ကို ရှောင်ရှားရန် သက်ဆိုင်ရာတာဝန်ရှိသူများက တိုက်တွန်းထားသည်။

ဇွန်လတွင် နိုင်ငံတစ်ဝန်း အပူလျှပ်လူနာပေါင်း ၇၂၃၅ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ဂျပန်မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ် ဇွန်လတွင် အပူလျှပ်လူနာပေါင်း ၁၅၉၆၉ ဦးဖြင့် အများဆုံး မှတ်တမ်းတင်ခဲ့ပြီးနောက် ယခုနှစ်ဇွန်လသည် အပူလျှပ်လူနာစာရင်း ကောက်ယူခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှစကာ ဒုတိယအကြိမ် အပူလျှပ်လူနာအများဆုံး ဖြစ်ပွားခဲ့သည့်လ ဖြစ်ခဲ့သည်။

အပူလျှပ်ခြင်းကြောင့် နှစ်ဦး သေဆုံးခဲ့ပြီး ၂၂၇၉ ဦး ဆေးရုံတင်ရန် လိုအပ်ခဲ့သည်။ ၄၉၁၁ ဦးမှာ အပူလျှပ်ခြင်းကို အသင့်အတင့်ခံစားခဲ့ရသည်။

လွန်ခဲ့သောလ အပူလျှပ်လူနာစုစုပေါင်း၏ ထက်ဝက်ခန့်မှာ အသက် ၆၅ နှစ် သို့မဟုတ် ထို့ထက် အသက်ကြီးသူများ ဖြစ်ကြသည်။

မြင့်မားသော လေထုဖိအားစနစ်က ဂျပန်နိုင်ငံအနောက်ပိုင်းမှ ဂျပန်နိုင်ငံမြောက်ပိုင်းတစ်လျှောက် အပူချိန်ကို မြင့်တက်စေကြောင်း မိုးလေဝသဌာနက ပြောသည်။

တိုကျိုမြို့လယ်တွင် အပူချိန် ၃၅ ဒသမ ၆ ဒီဂရီဆဲလ်စီးယက်စ်အထိမြင့်တက်နေချိန်တွင် မြို့တော်တိုကျိုအနီး ဆိုင်တီမာခရိုင် ကာဂိုရှီးမားမြို့တွင် မွန်းလွဲပိုင်း၌ အပူချိန်သည် ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်စ်အထိ မှတ်တမ်းတင်မြင့်တက်ခဲ့သည်။

အပူလျှပ်လူနာတစ်ဦးကို ဆေးရုံသို့ ပို့ဆောင်နေသည်ကို တွေ့ရစဉ်။

မွန်းလွဲပိုင်းတွင် အပူချိန်သည် ပို၍မြင့်တက်ဦးမည်ဟု ခန့်မှန်းခဲ့သည်။

ကျိုတိုမြို့တွင် အပူချိန်သည် ၃၉ ဒီဂရီအထိ မြင့်တက်ခဲ့ပြီး အိုဆာကာ၊ နာဂိုယာနှင့် ဆိုင်တီမာမြို့များတွင် အပူချိန်သည် ၃၈ ဒီဂရီအထိ အသီးသီး မြင့်တက်ခဲ့သည်။

ဂျပန်နိုင်ငံတွင် ခရိုင် ၄၇ ရှိသည့်အနက် ၃၅ ခုတွင် အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

အင်န်အိတ်ချ်ကေ

ကယားပြည်နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်အကောင်းဆုံးမြို့နယ်များ၊ ကျောင်းများနှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

လွိုင်ကော် ဇူလိုင် ၂၈

ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ ကျောင်းများနှင့် ဂုဏ်ထူးရထူးချွန် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးမြှင့်တင်မှုများကို အဓိကအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲလာသည့် စက်မှု၊ နည်းပညာ၊ အာကာသနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များသည် အခြေခံပညာရေးကတစ်ဆင့် မြစ်ဖျားခံခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာပညာရေးနှင့် ရင်ပေါင်တန်းနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံး မြို့နယ်များဖြစ်သည့် လွိုင်ကော်၊ ဘောလခဲနှင့် ဖားဆောင်းမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများကို လည်းကောင်း၊ အောင်ချက်အကောင်းဆုံး ကျောင်းများဖြစ်သည့် လွိုင်ကော်မြို့နယ်ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း ၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများရှိ ကျောင်းအုပ်ကြီးများကို လည်းကောင်း၊ ပြည်နယ်အတွင်း ခြောက်ဘာသာ ဂုဏ်ထူးရှင်များကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ "ပညာရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ထူးရ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ Gold Luck Co., Ltd Myanmar က တည်ဆောက်ပြီးစီးသော 120 KW နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ Gold Luck Co., Ltd Myanmar က တည်ဆောက်ပြီးစီးသော 120 KW နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစနစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် Lashio Water Boom ရေကစားဥယျာဉ်၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူ များက ပန်းပွားအက၊ ဘင်ခရာတီးဝိုင်းတို့ဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက 120 KW နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့် စက်ရုံကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်၌ 120KW နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဖွင့်ပွဲအတွက် အထိမ်းအမှတ်အမှာစကားပြောကြားကြပြီး Gold Luck Co., Ltd Myanmar မှ အင်ဂျင်နီယာတစ်ဦးက 120 KW နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Gold Luck Co., Ltd Myanmar ဥက္ကဋ္ဌ ဦးရဲနိုင် က ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အနေဖြင့် လားရှိုးမြို့ရှိ ပြည်သူ့ဆေးရုံကြီးနှင့် နယ်မြေခံတပ်မတော်ဆေးရုံများတွင် အသုံးပြုနိုင်ရန်အတွက် အောက်စီဂျင် Concentrator စက် အလုံး ၁၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တက်ရောက်လာကြသူများအား ယဉ်ကျေးမှု အဖွဲ့များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ Gold Luck Co., Ltd Myanmar က တည်ဆောက်ပြီးခဲ့သည့် 120 KW နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဆိုလာ 550W ၃၁၅ ချပ်၊ အင်ဗာတာ 120 KWနှင့် ဘတ္တရီ 150 KWh တို့ကို တပ်ဆင်အသုံးပြုထားကာ တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား 120 KW ထွက်ရှိမည်ဖြစ်ကြောင်းနှင့် စက်ရုံတည်ဆောက်မှု ကုန်ကျစရိတ်မှာ ကျပ်သိန်း ၃၇၈၀ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စဉ့်ကိုင်မြို့နယ်အတွင်း ပုလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင်အမှတ် (၃၇၁ / ၁ မှ ၃)အတွင်း ရထားသံလမ်းဆက်ပြားများနှင့် သံလမ်းဆက်မူလီများအား ဖြုတ်ခိုးခဲ့သူများကို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း ပုလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင်အမှတ် (၃၇၁/၁ မှ ၃) အတွင်း ရထားသံလမ်း ဆက်ပြားများနှင့် သံလမ်းဆက်မူလီများအား အဖျက်သမားများက ယုတ်မာပက်စက်သောအကြံဖြင့် ဖြုတ်ယူဖျက်ဆီးခဲ့မှုကြောင့် မြစ်ငယ်မှ ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးခရီးစဉ်ထွက်ခွာလာသည့် အမှတ်(၈၂၄) အစုန် ရထားလမ်းချော်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့များက သတင်းစုံစမ်းဖော်ထုတ်ခဲ့ရာ မိုင်တိုင် (၃၈၅/၂)အနီးရှိ ကျူးကျော်တဲများအတွင်း မီးရထားသံလမ်းများ ဖြုတ်ခိုးခဲ့သူများ နေထိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ဇူလိုင် ၂၅ ရက်တွင် သွားရောက်ဖမ်းဆီးခဲ့ရာ ချမ်းငြိမ်းအောင် (ဘ) ဦးသန်းညွန့်၊ ရန်အောင်(ဘ)ဦးမြလွင်၊ ဇော်ထက်(ဘ)ဦးချိုနှင့် နုနုဝင်း(ဘ)ဦးထွန်းအောင်တို့လေးဦးကို မီးရထားသံလမ်းမူလီနှင့် ဂျိုင်းဆက်များ ဖြုတ်ရာတွင် အသုံးပြုသည့် ပိုက်ဂိုက်တစ်ချောင်း၊ မော်တော်ဆိုင်ကယ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့ ခိုးဖြုတ်ခဲ့သောပစ္စည်းများကို ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် စက်မှုပန်းခြံလမ်းရှိ ထိပ်တန်း (ဒန်၊ သတ္တု၊ သံ၊ ပုလင်း) ရောင်းဝယ်ရေးဆိုင်၌ ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဆိုင်ပိုင်ရှင်ဖြစ်သူ တင်တင်ချို (ဘ) ဦးစံသိုက်နှင့် ကြွယ်မောင် (ဘ)ဦးအောင်ညွန့်တို့ နှစ်ဦးကို မီးရထား သံလမ်းဂျိုင်းဆက် ၂၄ ချောင်း၊ မီးရထားသံလမ်းမူလီ ၁၅ ချောင်းတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိသူများကို လုပ်ထုံးထုပ်နည်းများနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၆ ရက်အထိကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှု အရ အုပ်စု (A)တွင် အိမ်ရှင်တရုတ်၊ ဥဇဘက်ကစ္စတန်၊ မွန်ဂိုလီးယား၊ အုပ်စု (B) တွင် ထိုင်း၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ အုပ်စု (C) တွင် မြောက်ကိုရီးယား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု (D) တွင် ဂျပန်၊ ဗီယက်နမ်၊ နီပေါ၊ အုပ်စု (E)တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့် မြန်မာအသင်းတို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၂၃ သင်းကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယနေရာရ ၁၂ သင်း၊ တတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၆ သင်းမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (A) တွင် အိမ်ရှင်တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ၊ အုပ်စု (B) တွင် ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန်၊ မွန်ဂိုလီးယား၊ အုပ်စု (C)တွင် ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ အုပ်စု (D) တွင် ဂျပန်၊ ပါလက်စတိုင်း၊ ကာတာ၊ အုပ်စု (E) တွင် တောင်ကိုရီးယား၊ ဘာရိန်း၊ ထိုင်း၊ ကူဝိတ်၊ အုပ်စု (F) တွင် မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ ကာဂျစ္စတန်၊ တရုတ်(တိုင်ပေ)တို့ ပါဝင်သည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၀ သင်းသာ ရွှေတံဆိပ်ဆုရရှိဖူးပြီး တောင်ကိုရီးယားက ငါးကြိမ်ဖြင့် အများဆုံးရရှိထားပြီး မြန်မာအသင်းသည် နှစ်ကြိမ်ရရှိဖူးကာ အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိဖူးသည့် တစ်သင်းတည်းသော အရှေ့တောင်အာရှအသင်းဖြစ်သည်။

ညီမြတ်သော်တာ

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၁၄၉၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၂၅၀၁၂၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ -၇-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၂၃	၂၁၉၉
95 Ron	၂၂၃၁	၂၃၀၉
HSD (500 ppm)	၂၁၉၉	၂၂၇၃
HSD (50 ppm)	၂၂၇၃	၂၃၄၈
HSD (10 ppm)	၂၂၇၃	၂၃၄၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပန်းလိုလျှင် အပင်ကိုပျိုးပါ၊ မီးလိုလျှင် လျှပ်စစ်ကို ကာကွယ်စောင့်ရှောက်ကြပါ

မျိုးမြင့်သူ

ယခုတလော လျှပ်စစ်ဓာတ်အားသယ်ပို့နေသော တာဝါတိုင်များ ဖျက်ဆီးခံရသည့် သတင်းများကို တီဗွီသတင်းနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဖတ်ရှုမိသည်။ ဥယျာဉ်မှူးတွေမှာ မိမိတို့စိုက်ပျိုးထားသည့် အပင်များ ရှင်သန်၊ ဖူးပွင့်၊ ဝေဆာ၊ လှပစေရေးအတွက် မြက်နုတ်၊ ပေါင်းသင်ရုံသာမက ရွက်ဖျန်းဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ အားဆေးတို့ကို လိုအပ်သလို ထည့်သွင်းကျွေးမွေးပြုစုပေးကြရပါသည်။ ထို့အတူ "မီး"လိုလျှင် (ဝါ) "လျှပ်စစ်ဓာတ်အား" လိုအပ်လျှင်လည်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ ထရန်စဖော်မာများ မပျက်စီးရေး၊ ဖျက်ဆီးမခံရရေး၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှု နည်းပါးရေး၊ ဓာတ်အားခိုးယူသုံးစွဲမှု ပပျောက်ရေးတို့ကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေးကြရန် လိုအပ်ပါသည်။

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး၊ ခလုတ်တစ်ချက်နှိပ်ရုံဖြင့် လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ၁၂ မျိုးချင်းသုပ်ကဲ့သို့ စုံစီနဖာ အမျိုးမျိုးလုပ်ဆောင်ကြရပေသည်။ ဓာတ်အားပေး စက်ရုံများမှထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အား များကို ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများမှ တစ်ဆင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ အရောက်ပေးပို့ရာတွင် အရွယ်အစားအမျိုးမျိုးသော ဓာတ်ကြိုးများကို တာဝါတိုင်အဆင့်အမျိုးမျိုးဖြင့် အိမ်အရောက် ပို့ဆောင်နေရခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံ များမှ တစ်နိုင်ငံလုံးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝ ထုတ်လုပ်နိုင်ခဲ့လျှင်ပင် ထုတ်လုပ်ရရှိ သော လျှပ်စစ်ဓာတ်အားများသည် လျှပ်စစ် ဓာတ်အားသုံးစွဲသူပြည်သူများထံ ရောက်ရှိစေရေး အတွက် ရှေ့တွင်ရေးသားပြသထားသည့် တာဝါ တိုင်များ၊ ဓာတ်အားလိုင်းများ (ဓာတ်ကြိုးများ)၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ စက်ကိရိယာ များအားလုံး သူ့နေရာနှင့်သူ ကောင်းမွန်မှသာ ထုတ်လုပ်သမျှ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင် ကြပေမည်။

၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း၏ လှိုင်ကော်မြို့နယ်အတွင်းရှိ တာဝါတိုင် တစ်တိုင်ကို အကြမ်းဖက်သမားများက ယခုနှစ် ဇန်နဝါရီလအတွင်းက တိုက်ခိုက်ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများထံ ရောက်ရှိရေး

ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများစသည်တို့မှာ မြန်မာပြည်အနှံ့ မြို့ရွာများ၊ ကျေးလက်များတွင်ရှိနေကြသည်။ သို့သော် တုတ်ခိုင်ကြီးမားပြီး လျှပ်စစ်ဓာတ်အား စီးနေသော ဓာတ်ကြိုးများကို ထမ်းပိုးထားရသည့် တာဝါတိုင်အကြီးစား၊ အလတ်စားများ၊ ဓာတ်ကြိုး များမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်ရုံ များမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများ ဓာတ်အားသုံးစွဲသူပြည်သူများထံ ရောက်ရှိရေး အတွက် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ရေစီးသန်လှသောမြစ်များ၊ ချောင်းများ၊ လျှိုမြောင် များစွာတို့ကို ဖြတ်သန်းကာ အဆင့်ဆင့် လက်ဆင့်ကမ်းရင်း အရောက်လှမ်းနေရခြင်း ဖြစ်သည်။

တားဆီးမရသော သဘာဝဘေးအန္တရာယ်

ထိုသို့ အရောက်လှမ်းရာတွင် တားဆီးမရသော သဘာဝဘေးအန္တရာယ်ဖြစ်သည့် လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်သစ်ကိုင်းများ ကျိုးကျ၊ လဲကျခြင်းတို့ကြောင့် တာဝါတိုင်များ ကျိုးခြင်း၊ လဲခြင်း၊ ဓာတ်ကြိုးများ ပြုတ်ကျခြင်းတို့ ကြောင့် ယာယီလျှပ်စစ်ဓာတ်အား ပြတ်တောက် ခြင်းများ ဖြစ်တတ်ပါသည်။

အလားတူ စက်ဘက် လိုင်းဘက် ချွတ်ယွင်းမှု၊ တောရိုင်းတိရစ္ဆာန်တို့ နှောင့်ယှက်မှုများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ရသည်မျိုးလည်း ရှိတတ်ပြန်သေးသည်။ ဘာကြောင့်ဓာတ်အား ပြတ်ပြတ်၊ ဘာကြောင့်မီးပျက်ပျက် ဖြစ်လျှင် ဖြစ်ချင်းပင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်း များအနေဖြင့် ရာသီဥတုဒဏ်ကိုမမှု၊ နေ့ညမရွေး အလျင်အမြန် ရှာဖွေပြုပြင်ကြသည်သာဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သောနှစ်မှစပြီး LNG ဓာတ်ငွေ့ ဈေးနှုန်း အဆမတန် ဈေးတက်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရရှိမှု နည်းပါး၍လည်းကောင်း၊ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနည်းပါး၍ လည်းကောင်း လျှပ်စစ်ဓာတ်အားကို စက်စွမ်းအား အပြည့်မထုတ်လုပ်နိုင်ဘဲ အခြေအနေ အချိန်အခါ အရ ထိန်းညှိမောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရသဖြင့် ဓာတ်အားမလုံလောက်မှုကြောင့် အချိန်ပြည့် လျှပ်စစ်ဓာတ်အားမပေးနိုင်ဘဲ အလှည့်ကျ လျှပ်စစ်ဓာတ်အားပေးနေရခြင်းကို ပြည်သူများသိရှိပြီးဖြစ်ပါသည်။

ဓာတ်အားလိုင်းများ ဗို့အားမြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဤကဲ့သို့ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား မလုံမလောက်ဖြစ်နေသဖြင့် နိုင်ငံတော်မှ အစီအမံ များချမှတ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်များ ပိုမို ခွင့်ပြုပေးခြင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး အတွက် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ရေအား လျှပ်စစ်ထုတ်လုပ်ခွင့်ပြုခြင်း၊ နိုင်ငံခြားချေးငွေများ ချေးခွင့်ပြုခြင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်သည့် လေအားလျှပ်စစ်၊ နေရောင် ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ/ဆိုလာပြား များသုံး၍ ဓာတ်အားထုတ်လုပ်ပေးသော စက်ရုံများ ကို အလျင်အမြန် တည်ဆောက်အကောင်အထည် ဖော်နေခြင်း၊ ဓာတ်အားပိုမိုထွက်ရှိလာသည်နှင့် အမျှ ထွက်ရှိလာသည့်ဓာတ်အားများ သယ်ပို့ဖြန့်ဖြူး ရာတွင် အချိုးကျစေရန်၊ နိုင်နိုင်နင်းနင်းရှိစေရန် ဓာတ်အားလိုင်းများတွင် ဗို့အားမြှင့်တင်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနက ထိုသို့ အားသွန်ခွန်စိုက် တစိုက်မတ်မတ် ကြိုးပမ်းနေချိန်မှာပင် မလိုလားသူများက လျှပ်စစ် တာဝါတိုင်များကို ဖျက်ဆီးလျက်ရှိရာ လျှပ်စစ် ဓာတ်အားသယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲ ဖြစ်ပြီး ပျက်စီးသည်များကို ပြုပြင်၍ မပြီးမချင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်မရသဖြင့် ဓာတ်အား လျော့နည်းနေမည်ဖြစ်သည်။

ဤအခြေအနေကို ပမာဏပြုရပါက အားကစား ပြိုင်ပွဲများတွင် လူအများစိတ်ဝင်စားကြသော "ချောတိုင်တက်ပွဲ"သဖွယ် ဖြစ်နေပါသည်။ ချောတိုင် တက်ပွဲတွင် ဝါးလုံးတိုင်ထိပ်ရှိအောင်လံကို ဆွတ်ခူး ရရှိရေးအတွက် ချောတိုင်အောက်ခြေတွင် ပါဝင် ယှဉ်ပြိုင်သောအဖွဲ့မှတောင့်တင်းသောပုဂ္ဂိုလ်များက အမာခံရပ်နေပြီး ၎င်းတို့၏ အထက်မှ ချောတိုင် တက်ကျွမ်းကျင်သူများက အောင်လံရရှိရေးအတွက် ချောတိုင်ထိပ်သို့ ကြိုးစားတက်စဉ် ချောတိုင်ထိပ်ရှိ "ချောဆီ"များကျလာပြီး အောင်လံရရှိရေးအတွက် ကြိုးစား၍ချောတိုင်တက်သူမှာ ပြုတ်ကျလိုက်၊ ပြန်တက်လိုက်ဖြင့် တော်ရုံတန်ရုံ ခွဲ၊ ကျွမ်းကျင်မှု ရှိရုံဖြင့် တိုင်ထိပ်ရှိအောင်လံကို မရနိုင်သလို ဖြစ်သည်။ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး တွင်လည်း တာဝန်ရှိသူများက အစွမ်းကုန်ကြိုးပမ်း နေကြသော်လည်း တည်ဆောက်ပြီးသား လျှပ်စစ် တာဝါတိုင်များ၊ ဓာတ်အားလိုင်းများကို တစ်ဖက်မှ ဖျက်ဆီးနေကြပါက လျှပ်စစ်ဓာတ်အားတိုးတက် ရရှိရေးအတွက် အတော်ပင်ရုန်းကန်ကြရမည် ဖြစ်သည်။

အချုပ်ဆိုရသော် "ပန်းလိုလျှင် ပန်းကိုပျိုးပါ"၊ "မီးလိုလျှင် လျှပ်စစ်ကို ကာကွယ်စောင့်ရှောက်ပါ" ဟူသည့်အတိုင်း ထုတ်လုပ်သမျှ လျှပ်စစ်ဓာတ်အား များ လျှပ်စစ်ဓာတ်အားသုံးစွဲသူတို့ထံ အပြည့်အဝ ရောက်ရှိစေရေး၊ လျှပ်စစ်ဓာတ်အား မပြတ်တောက် ရေး၊ လျှပ်စစ်တာဝါတိုင်များ၊ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ မပျက်စီးရေး၊ အဖျက်ဆီးမခံရ ရေးအတွက် ပြည်သူများက ဝိုင်းဝန်းကူညီကာကွယ် စောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

■ **ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ စသည်တို့မှာ မြန်မာပြည်အနှံ့မြို့ရွာများ၊ ကျေးလက်များတွင် ရှိနေကြသည်။ သို့သော် တုတ်ခိုင်ကြီးမားပြီး လျှပ်စစ်ဓာတ်အားစီးနေသော ဓာတ်ကြိုးများကို ထမ်းပိုးထားရသည့် တာဝါတိုင်အကြီးစား၊ အလတ်စားများ၊ ဓာတ်ကြိုးများမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများ ဓာတ်အားသုံးစွဲသူပြည်သူများထံ ရောက်ရှိရေးအတွက် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ရေစီးသန်လှသောမြစ်များ၊ ချောင်းများ၊ လျှိုမြောင်များစွာတို့ကို ဖြတ်သန်းကာ အဆင့်ဆင့်လက်ဆင့်ကမ်းရင်း အရောက်လှမ်းနေရခြင်းဖြစ်**

၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အခုလို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပတာဟာ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက်မှာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ လက်ရှိမှာ အုပ်စုအဆင့် ပွဲစဉ်တွေကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားလျက်ရှိပါတယ်။

ကမ္ဘာ့ဖလားအိပ်မက် ဆက်လက်မက်ခွင့်ရဖို့ မော်ရိုကို ကို အနိုင်ယူရမယ့် တောင်ကိုရီးယား

■ လင်းလက်ကြယ်

အမျိုးသမီးကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များ

GROUP F				**July 29**
ညနေ ၄း၃၀	ပြင်သစ်	–	ဘရာဇီးလ်	
ည ၇း၀၀	ပနားမား	–	ဂျမေကာ	
GROUP G				**July 29**
မွန်းလွဲ ၂း၀၀	ဆွီဒင်	–	အီတလီ	
GROUP A				**July 30**
မွန်းလွဲ ၁း၃၀	ဆွစ်ဇာလန်	–	နယူးဇီလန်	
မွန်းလွဲ ၁း၃၀	နော်ဝေ	–	ဖိလစ်ပိုင်	
GROUP H				**July 30**
နံနက် ၁၁း၀၀	တောင်ကိုရီးယား	–	မော်ရိုကို	
ညနေ ၄း၀၀	ဂျာမနီ	–	ကိုလံဘီယာ	
GROUP C				**July 31**
မွန်းလွဲ ၁း၃၀	ကော့စတာရီကာ	–	ဇမ်ဘီယာ	
မွန်းလွဲ ၁း၃၀	ဂျပန်	–	စပိန်	

ဆွစ်ဇာလန် VS နယူးဇီလန်

Group (A)၊ July 30၊ Dunedin Stadium (Dunedin)

ပွဲစဉ် (၂) ကစားပြီးချိန်မှာ အုပ်စုကို ဆွစ်ဇာလန်က ရမှတ်လေးမှတ်နဲ့ ဦးဆောင်ထားတယ်။ နယူးဇီလန်က ဖိလစ်ပိုင်နဲ့ ရမှတ် သုံးမှတ်တူ ဂိုးကွာခြားချက်နဲ့ အဆင့် (၂) မှာ ရပ်တည်နေတယ်။ နယူးဇီလန်က ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပေမယ့် အဆုံးသတ်ပိုင်းအားနည်းတယ်။ ဆွစ်ဇာလန်က ခြေစွမ်းပိုင်းအားနည်းပေမယ့် အဆုံးသတ်ကောင်းမွန်မှုရှိတယ်။ မည်သို့ပင်ဆိုစေ အိမ်ရှင်အားသာချက်နဲ့ နယူးဇီလန်အသင်း နောက်တစ်ဆင့် တက်လှမ်းသွားနိုင်ဖွယ်ရှိတယ်။

နော်ဝေ VS ဖိလစ်ပိုင်

Group (A)၊ July 30၊ Eden Park (Auckland)

နော်ဝေက ဖိလစ်ပိုင်အသင်းထက် နေရာစုံ၊ ထောင့်စုံ သာလွန်မှုရှိတယ်။ ဒါပေမယ့် အိမ်ရှင်နယူးဇီလန်ကို အနိုင်ရအောင် စွမ်းဆောင်ထားနိုင်တဲ့ ဖိလစ်ပိုင်ရဲ့ ခြေစွမ်းကို လျှော့တွက်လို့ မရဘူး။ ဒီပွဲစဉ်က နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်ရေး အရေးပါတဲ့ ပွဲစဉ်အဖြစ်ရှိနေတာကြောင့် အမှားခံလို့ မရဘူး။ ဖိလစ်ပိုင်က နော်ဝေအသင်းထက် စွမ်းဆောင်ရည်ပိုင်း အားနည်းနိုင်ပေမယ့် အဆုံးသတ်ပိုင်း သေချာမှုရှိတာကြောင့် ရလဒ်ကောင်း ရရှိနိုင်တယ်။

တောင်ကိုရီးယား VS မော်ရိုကို

Group (H)၊ July 30၊ Hindmarsh Stadium (Adelaide)

ပြီးခဲ့တဲ့ပွဲမှာ တောင်ကိုရီးယားရော မော်ရိုကိုပါ ပြိုင်ဘက်ကို အရေးနိမ့်ခဲ့တာကြောင့် ဒီပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ မော်ရိုကိုအသင်းရဲ့ စွမ်းဆောင်ရည်က သာမန်အောက်သာ ရှိတယ်။ ကိုလံဘီယာနဲ့ပွဲမှာ တောင်ကိုရီးယားက စုစည်းကျစ်လျစ်မှုနဲ့အတူ လုပ်အားနှုန်းကောင်းကောင်းနဲ့ စွမ်းဆောင်ရည်ကောင်းအချို့ ထုတ်ပြနိုင်ခဲ့ပေမယ့် ဂိုးသွင်းယူတဲ့အပိုင်းမှာ လိုအပ်ချက်များခဲ့တာကြောင့် ရှုံးနိမ့်ခဲ့တာ ဖြစ်တယ်။ တောင်ကိုရီးယား နိုင်မယ်။

ဂျာမနီ VS ကိုလံဘီယာ

Group (H)၊ July 30၊ Sydney Football Stadium (Sydney)

ဒီပွဲမှာ အနိုင်ရတဲ့အသင်းက နောက်တစ်ဆင့်တက်လှမ်းနိုင်မှာ ဖြစ်လို့ နှစ်သင်းစလုံး ခြေကုန်ထုတ်လာမှာပါ။ ကိုလံဘီယာအသင်းရဲ့ ခြေစွမ်း အတက်ဘက်မှာရှိတယ်ဆိုသော်ငြား ဂျာမနီအသင်းကို ယှဉ်နိုင်ဖို့ မလွယ်ဘူး။ ဒါပေမယ့် ကိုလံဘီယာရဲ့ တံ့ပြန်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ရင်တော့ ဂျာမနီအသင်း ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ အမှားခံလို့မရတဲ့ အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်တာကြောင့် အဆုံးသတ်သေချာတဲ့အသင်း နိုင်ဖွယ်ရာရှိတယ်။

ဆီဗီလာကစားသမားဟောင်း အစ္စကို ကို ဘက်တစ်ခေါ်ယူ

ရီးရဲဘက်တစ်အသင်းသည် ဆီဗီလာနှင့် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမားဟောင်း အစ္စကိုကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ပြီး လေးလအကြာတွင် အသင်းနှင့် ၎င်း၏စာချုပ် အဆုံးသတ်ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ စပိန်အသင်းအတွက် ၃၈ ပွဲ ပါဝင်ကစားထား သောအသက် ၃၁ နှစ်အရွယ် အစ္စကိုသည် ပြီးခဲ့သည့်ရာသီတွင် ဆီဗီလာအသင်းအတွက် ၁၉ ပွဲကစားပြီး တစ်ဂိုးသွင်းယူပေးထားသည်။ ဩဂုတ်လတွင် ဆီဗီလာကစားသမားအဖြစ် အစ္စကို၏ မိတ်ဆက်ပွဲအခမ်းအနားကို ပရိသတ် ၁၀၀၀၀ ကျော် တက်ရောက်ခဲ့သည်။ ထို့ပြင် ၎င်းသည် ရီးရဲမက်ဒရစ်အသင်းအတွက် ၃၅၃ ပွဲပါဝင်ကစားထားပြီး ၅၃ ဂိုး သွင်းယူပေးထားကာ လာလီဂါ ဖလား၊ ကိုပါဒယ်ရေးဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။ ထို့ကြောင့် အစ္စကိုအနေဖြင့် ရီးရဲဘက်တစ်အသင်းတွင်ရော ပုံမှန်ပွဲထွက်ခွင့်ရရှိကာ အောင်မြင်မှုရရှိသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ဟန်ဒါဆန် ဆော်ဒီကလပ်သို့ ပြောင်းရွှေ့ကစားမည်

လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန် ဟန်ဒါဆန်သည် အန်းဖီးလ်မှ ထွက်ခွာကာ ဆော်ဒီအာရေဗျကလပ် အယ်အက်တီဖတ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမားသည် တစ်ပတ် ပေါင် ၇၀၀၀၀၀ ဖြင့် အဆိုပါ ကလပ်၏ ကမ်းလှမ်းမှု လက်ခံရရှိပြီးနောက် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျကလပ် အယ်အက်တီဖတ်အသင်းသည် မကြာသေးမီက လီဗာပူးဂန္ထဝင် စတီဗင်ဂျရတ်ကို အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့သည့် အသင်းလည်းဖြစ်သည်။ ဟန်ဒါဆန်သည် လီဗာပူးအသင်း၌ ၁၂ နှစ်ကြာ ကစားထားသူဖြစ်ပြီး ပွဲပေါင်း ၄၉၂ ပွဲ ပါဝင်ကစားထားကာ နှစ်ပေါင်း ၃၀ အတွင်း လီဗာပူးအသင်းကို ပရီမီယာလိဂ်ဖလား တစ်ကျော့ပြန် ဆွတ်ခူးရရှိရေး ကူညီပေးထားနိုင်သူဖြစ်သည်။

ထို့အပြင် ၎င်းသည် လီဗာပူးအသင်းကို ၂၀၁၉ ခုနှစ်တွင်လည်း ချန်ပီယံလိဂ်ဖလား ရရှိအောင်ကူညီပေးထားနိုင်သည်။ **အောင်ဇော်**

အယ်ဟီရယ်ကိုယ်စားလှယ်များကို အမ်ဘာပေ တွေ့မည်မဟုတ်

ဆော်ဒီအာရေဗျသို့ ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီး အယ်ဟီရယ်အသင်းမှ တာဝန်ရှိသူများကို အမ်ဘာပီအနေဖြင့် တွေ့ဆုံသွားမည်မဟုတ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စနေနေ့တွင် အမ်ဘာပေအတွက် ဆော်ဒီအာရေဗျကလပ်က ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၂၅၇ သန်းဖြင့် ကမ်းလှမ်းမှု ပြုလုပ်လိုက်ပြီးနောက် ပီအက်စ်ဂျီအသင်းက ကစားသမားနှင့် တွေ့ဆုံဆွေးနွေးရန် အယ်ဟီရယ်အသင်းကို ခွင့်ပြုပေးလိုက်ခြင်း ဖြစ်သည်။ အယ်ဟီရယ်အသင်း တာဝန်ရှိသူများသည် ယခုသီတင်းပတ်တွင် ပါရီသို့ ရောက်ရှိနေသော်လည်း အမ်ဘာပေနှင့် တွေ့ဆုံခွင့် မရသေးကြောင်း သိရသည်။

ပီအက်စ်ဂျီသတင်း ရင်းမြစ်များက အသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းကုန်ဆုံးသည့် အချိန်တွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူထားသည့်အတွက် အယ်ဟီရယ်အသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံမှုကို အမ်ဘာပေအနေဖြင့် ငြင်းပယ်လိမ့်မည်ဖြစ်ကြောင်း ပြောသည်။

အသက် ၂၄ နှစ်အရွယ် ကစားသမား အမ်ဘာပေသည် ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် မချုပ်ဆိုပါက အသင်းအတွက် ကစားခွင့်ရမည်မဟုတ်ကြောင်း သိရသည်။ ၎င်းသည် ပီအက်စ်ဂျီအသင်းအတွက် ပွဲ ၂၆၀ တွင် ဂိုး ၂၀၀ ကျော် သွင်းယူပေးထားသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	အမှတ်စဉ် သုည	မြတ်သစ်	ဦးဝင်းဇော်လတ် တိုးမြစ်စာအုပ်တိုက်
၂။	ဘဝအတွက်နားလည်သဘောပေါက်ခြင်း	ပိုင်(That's for U)	ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ
၃။	ချစ်တဲ့သူတွေနဲ့ မဝေးပါရစေနဲ့	နေသွေးခန့်	ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ
၄။	တိုးတက်အောင်မြင်ရေးစာအုပ်များကပေးသော သင်ခန်းစာများ၊ အောင်မြင်ရေးနည်းလမ်းများ	ကိုရင်ကျော်	ဦးကျော်ဆန်း ရွှေဝက်ဝံစာပေ
၅။	ဤခရီးအတွက် ဂမ္ဘီရအဆောင်	မြနန္ဒာဉာဏ်ဝေ	ဦးကျော်ဆန်း ရွှေဝက်ဝံစာပေ
၆။	အနီးမွေး အဝေးကြိုင်	တက္ကသိုလ်တေဇာလင်း	ဦးလှဘုန်းကျော် အောင်ချမ်းပြည့်စာပေ
၇။	မနောမယယိချင်းဂမ္ဘီရဗေဒင်ကဒ်	ဝင်းဇော် (သစ်တော)	ဦးဝင်းဇော် မရမ်းတလင်းစာပေ

ပြန်ကြားရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

(၂၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲ စစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၁၅,၁၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၀၃) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၈၅ ကျပ်	၂၃၃၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၆၅ ကျပ်	၂၄၁၅ ကျပ်
အောက်တိန်း ၉၂	၂၂၃၀ ကျပ်	၂၂၈၀ ကျပ်
အောက်တိန်း ၉၅	၂၃၄၀ ကျပ်	၂၃၉၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၄၀၀	၈၄၀၀	၆၂၄	၅၂၄၁၆၀၀
MTSH	၂၈၀၀	၂၉၀၀	၂၉၈၈	၈၆၁၅၆၀၀
MCB	၇၄၀၀	၇၅၀၀	၂၃	၁၇၁၂၀၀
FPB	၁၅၀၀	၁၅၅၀	၁၃၆၇၂	၂၁၁၆၀၀၀၀
TMH	၂၅၀၀	၂၅၀၀	၁	၂၅၀၀
EFR	၂၄၀၀	၂၄၅၀	၉၀၀	၂၁၉၅၀၀၀
AHPC	၄၈၀၀	၄၈၀၀	၂၃၇	၁၁၃၇၆၀၀
MAEPC	၁၈၀၀	၁၈၀၀	၁၂၈၂၁	၂၂၉၂၂၈၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဇိယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့မိရိုးဖလာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ အလှူငွေများထည့်ဝင်လှူဒါန်းစာရင်းပေးထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

စဉ်	အမည်	အလှူငွေ (ကျပ်)	စဉ်	အမည်	အလှူငွေ (ကျပ်)	စဉ်	အမည်	အလှူငွေ (ကျပ်)
[illegible]	ဦးတင်ဦး၊ ဒေါ်[illegible] နေပြည်တော်ကောင်စီအဖွဲ့နှင့် နေပြည်တော်ရုံး[illegible] မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(NPK Motor Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	(ဦး[illegible])နှင့်ဇနီး [illegible] ဒေါ်[illegible]ကုမ္ပဏီ မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ(ACE Data System Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]နှင့်ဇနီး ဒေါ်[illegible] မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	(ဦး[illegible])နှင့်ဇနီး [illegible] ဒေါ်[illegible] မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ(Yangon Engineering Group Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible] ဦး[illegible] ([illegible]) [illegible]ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	[illegible] ဦး[illegible] နှင့်ဇနီး [illegible] ဒေါ်[illegible] မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ (Yangon Engineering Group Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible] ဦး[illegible] ([illegible])ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	[illegible] ဦး[illegible] မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ(True North Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဒေါ်[illegible]ကုမ္ပဏီ(Unk Trading Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]နှင့်ဇနီး ဒေါ်[illegible] ([illegible])ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]နှင့်ဇနီး ဒေါ်[illegible] မိသားစုကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(KID COMMODITY Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(Myanmar Golden Eagle Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ(Myanmar Consultancy Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ([illegible])ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(Myanmar Thiha Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဒေါ်[illegible] (AGT)ကုမ္ပဏီကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ (MBCCD. Ltd/Mandalay Capital City Development Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(Pan Pan Family Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ (Good Brothers)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ (New Light Mandalay) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(Shwe Lin Kar Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ(Moon Rays Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible] (ဒေါ်[illegible]) ([illegible]) [illegible]ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ (NGWE SETTKYAR SKY MANUFACTURING Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ(UV Automotive Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဒေါ်[illegible]ကုမ္ပဏီ([illegible]) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ (Natural Current Energy Hydropower Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
[illegible]	ဦး[illegible]ကုမ္ပဏီ (Super Seven Stars Motors & Industry Co.,Ltd)ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ ([illegible]) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]	[illegible]	ဦး[illegible]ကုမ္ပဏီ(Lakeview Investments Pte. Ltd. Corner Stone Co.,Ltd) ကလှူ (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
